ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အဂတိလိုက်စားမှုအန္တရာယ်ကင်းရှင်းရေးအတွက် အကြံပြုချက်နှင့် အသိပေးတိုင်ကြားခြင်းများ ပြုလုပ်နိုင်ကြောင်း ထုတ်ပြန်ခြင်း

၁။ အထက်အကြောင်းအရာနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်လျက် ရှိရာတွင် ခွဲဝေရရှိသော ဘဏ္ဍာငွေများကို အကျိုးရှိပြီး ထိရောက်စွာ အသုံးပြုရေးနှင့် အလေအလွင့်အနည်းဆုံးဖြစ်ရန် ကြိုးစားဆောင်ရွက်လျက် ရှိပါသည်။ လုပ်ငန်းများကိုလည်း ပြည်သူလူထုအကျိုးကို ဦးထိပ်ထား၍ ထင်သာမြင်သာ ရှိရန် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူလူထုမှ အကြံပြုချက်များ၊ အသိပေး တိုင်ကြားစာများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ရုံးခန်း အတွင်းရှိ email: minister_room@mohs.gov.mm သို့ဖြစ်စေ၊ ဖက်စ်အမှတ်: 067-411189 သို့ဖြစ်စေ၊ (၂၄)နာရီပတ်လုံး ဖုန်းဖွင့်ထားသည်ဖြစ်၍ ပေးပို့နိုင်ပါသည်။

၃။ ထိုသို့ပေးပို့ရာတွင်-

(က) အကြံပြုသူ၊ တိုင်တန်းသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ အမြဲတမ်းနေရပ် လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ (ဆက်သွယ်ရန် ဖုန်း/ လက်ကိုင်ဖုန်း/ ဖက်စ် နှင့် email တို့ရှိလျှင် ထည့်သွင်းဖော်ပြပေးပါရန်)၊

(ခ) အကြံပြုသူ၊ တိုင်တန်းသူသည် ဌာနဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်၏ မမှန်မကန် လုပ်ဆောင်မှု၊ အဂတိလိုက်စားမှုများကို အထောက်အထား အချက် အလက်များဖြင့် ပူးတွဲလျက် ပြည့်စုံစွာဖော်ပြပေးပါရန်။

၄။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ပေးပို့အကြံပြုခြင်း၊ တိုင်ကြားခြင်းများနှင့် ပတ်သက်၍ ပေါက်ကြားခြင်းလုံးဝ(လုံးဝ)မရှိစေရန် စီစဉ်ထားပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

www.mohs.gov.mm